ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project
( NCDDP )



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
စည်ပင်သာကျေးရွာ၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု

၂၀၁၆ခုနှစ် ထန်းတပင်မြို့

# မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်းနှင့်မြေပုံ

၄။ကျေးရွာအခြေခံအချက်အလက်များ

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကော်မတီဝင်များစာရင်း

၉။ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။အစည်းအဝေးတက်ရောက်သူများစာရင်း(ပုံစံ-၁၂)

၁၄။အစည်းအဝေးမှတ်တမ်းများ


၁၅။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၆။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ထန်းတပင်မြို့နယ်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ကျေးရွာအခြေပြမြေပုံ




# ထိန်နစ်ပင် ကျေးလက်ကျန်းမာရေးဌာနခွဲ
# တည်နေရာပြ မြေပုံကြမ်း



## ၄။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဥ်များ (PRA/PSA)အကျဥ်းချုပ်

| စဥ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | ပါဝင်ဆွေးနွေးသူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြမြေပုံ/သယံဇာတပြမြေပုံ (Social map/ Resource map) | 1.1.16 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | 6 | 7 | 13 | ကျေးရွာ၏လက်ရှိလူမှုရေး၊ သဘာဝသယံဇာတများ၊ ကျေးရွာတွင်းရှိအခြေခံလူမှုအဆောက်အဦးများ။ |
| ၂ | ကျေးရွာစီးပွါးရေးအဆင့်သတ်မှတ်ခြင်း (Wealth ranking) | 1.1.16 | ကျေးရွာရှိလူတန်းစားအလွှာပေါင်းစုံ | 5 | 7 | 12 | ကျေးရွာတွင်းနေထိုင်လက်ရှိသောလူတန်းစားအဆင့်၊ အုပ်စု၊ ၎င်းတို့၏ပိုင်ဆိုင်မှုအခြေအနေများ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 1.1.16 | ကော်မတီဝင်များ အမျိုးသမီးအုပ်စု၊ အမျိုးသားအုပ်စု | 13 | 14 | 27 | ရာသီဥတု၊ စိုက်ပျိုးသီးနှံ၊ နေ့စား အခြေနေ၊ ပွဲတော်များ၊ အဓိကအသက်မွေးဝမ်းကျောင်း၊ ရာသီ |
| ၄ | ကျေးရွာရှိအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုပြပုံ (Venn diagram) | 5.1.16 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | 10 | 15 | 25 | ကျေးရွာလူထုအား၎င်းတို့၏ရွာအတွင်းရှိအဓိကအုပ်စုများ၊ အဖွဲ့အစည်းများရှိနေမှုကိုသိရန်နှင့်ဆက်စပ်နေမှုကိုသိရှိစေရန် |
| ၅ | ပင့်ကူအိမ်ကွန်ယက်ပုံနှိုင်းယှဥ်ခြင်း (Spider web) | 1.1.16 | အမျိုးသားများ၊ အမျိုးသမီးများ | 10 | 10 | 20 | အမျိုးသမီးများနှင့်အမျိုးသားကြားတန်းတူအခွင့်အရေးရရှိမှုမရရှိသည့်အကြောင်းရင်းများ |
| ၆ | ကျေးရွာသမိုင်းကြောင်း (Village historical) | 5.1.16 | ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာစီထောက်အဖွဲ့ | 5 | 10 | 15 | ကျေးရွာတွင်ကြုံတွေ့ခဲ့ဖူးသောသဘာဝဘေးအန္တရာယ်များနှင့်ဖြေရှင်းခဲ့ပုံများ၊ လူထုမှမိမိတို့အင်းအားဖြင့်လုပ်ဆောင်ခဲ့သောကျေးရွာဖွံ့ဖြိုးရေးများ |
| ၇ | အကျိုးအကြောင်းချိတ်ဆက်ပြပုံ (Causal diagram) | 5.1.16 | ကော်မတီဝင်များ အမျိုးသမီးအုပ်စု၊ အမျိုးသားအုပ်စု | 14 | 14 | 28 | ကျေးရွာ၏လက်ရှိကြုံတွေ့နေသောပြဿနာများနှင့်၊ ၎င်း၏အကြောင်းရင်းမြစ်၊ အကျိုးဆက်များ |
| ၈ | ကျေးရွာ၏(၅)နှစ်တာဦးစားပေးအစီအစဥ်ပြဇယား (Metric ranking) | 5.1.16 | ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာစီထောက်အဖွဲ့ | 11 | 15 | 26 | စီမံကိန်းလမ်းညွှန်စာအုပ်ပါအတိုင်းစံနှုန်းထားဦးစားပေးရွေးချယ်ရန် (စာ၄၅ဖော်ပြပါ(၆)ချက်) |
| ၉ | ကျေးရွာအိပ်မက်ပြမြေပုံ (Village dream map) | 5.1.16 | ကော်မတီဝင်များ အမျိုးသမီးအုပ်စု၊ အမျိုးသားအုပ်စု | 7 | 8 | 15 | အနာဂတ်တွင်မြင်တွေ့/ဖြစ်စေချင်သောမိမိတို့၏တိုးတက်နေသောတို့ကျေးရွာပုံစံ |



စည်ပင်သာကျေးရွာ
စေတီ
ဘုန်းကြီးကျောင်း
ရေကန်
တံတား
စာသင်ကျောင်း
တိုက်အိမ်
ပျဉ်ထောင်အိမ်
ဝါးအိမ်
ချောင်း
လမ်းမကြီး
မြေသားလမ်း


စည်ပင်သာကျေးရွာ အရင်းအမြစ်မြေပုံ
သစ်ပင်
ကွန်ကရစ်တံတား
သစ်သားတံတား
ဝါးတံတား
ကန်
လယ်မြေ
ရေတွင်း
ရေတံခါး
မြေသားလမ်း
ကွန်ကရစ်လမ်း
ချောင်း
မြောက်
တောင်

## ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ထိန်နှစ်ပင်အုပ်စု၊ စည်ပင်သာကျေးရွာ လူမှုရေးပြမြေပုံ ရေးဆွဲခြင်းဖြင့် ကျေးရွာ၏ အခြေအနေအား သုံးသပ်ခြင်း

□ စည်ပင်သာကျေးရွာတွင် အိမ်ထောင်စု (၂၉၄) စုဖြင့် စုပေါင်းနေထိုင်သောကျေးရွာဖြစ်သည်။ ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သူ အနည်းငယ်ရှိသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စု(၂၉၄)တွင် အမျိုးသား(၆၁၄)ဦး အမျိုးသမီး( ၆၅၀ )ရှိပြီး အမျိုးသားအိမ်ထောင်ဦးစီး (၂၇၄) စု၊ အမျိုးသမီး( ၂၀ )စု ရှိသည်။ စည်ပင်သာကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် ကျောင်းသူ/သားများ မူလတန်းအထိ မိမိတို့ကျေးရွာတွင် ပညာသင်နိုင်ကြသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာသင်ကြားနိုင်ရန်အတွက် ထန်းတပင် အထက သို့ ဆိုင်ကယ်၊ ကားဖြင့် သွားကြရသည်။ ဆိုင်ကယ်ခ အနည်းဆုံး (၁၀၀၀)ကျပ် ပေးရသည်ဟုသိရသည်။ ဆင်းရဲသော မိသားစုဝင်များအတွက် အဆင်မပြေနိုင်သည်ကို တွေ့ရသည်။ စည်ပင်သာ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အမျိုးသမီးကျန်းမာရေးဆရာမ၊ အရံသားဖွား၊ ပြည်သူ့ကျန်းမာရေး လုပ်သားများရှိသော်လည်း ကျေးလက်ဆေးပေးခန်း ကိုမူ မတွေ့ရှိရပါ။ သောက်သုံးရေနှင့် ရေတွင်း ရေကန်များကို စာရင်းပြုစုရာတွင် သောက်ရေကန် ( ၃ ) လုံးရှိသော်လည်း ( ၂ ) ကန်သာ သုံးစွဲ၍ ရကြောင်းတွေ့ရှိရသည်။ ထို( ၂ ) ကန်မှာ ရွာဦးတွင် ( ၁ )ကန်၊ ရွာဖျားတွင် ( ၁ )ကန် ရှိသည့်အတွက် တစ်ရွာလုံး လက်လှမ်းမှီ သုံးစွဲနိုင်သောကြောင့် သောက်ရေအတွက် အဆင်ပြေသည်ကို တွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်နှစ်က လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေဖြင့် ကွန်ကရစ်လမ်း( )ကို တည်ဆောက်ခြင်းဖြင့် အနည်းငယ် အဆင်ပြေသည်ကို တွေ့ရှိရသည်။ ရွာတွင်းလမ်းများကို အကျယ်

ကိုယ်ထူကိုယ်ထ ကွန်ကရစ်များလည်း တွေ့ရှိရသည်၊ အချို့မှာမူ မြေသားလမ်းများဖြစ်သည်။ ရွာတွင်းလမ်းများမှာ ကျဉ်းမြောင်းနေသဖြင့် သွားလာရေးခက်ခဲနေသည်ကို တွေ့ရသည်။ ကျေးရွာအတွင်း၌ ရွာသူ/သားများ စာပေဗဟုသုတ တိုးပွားနိုင်စေရန် ကျေးရွာစာကြည့်တိုက်လည်း မရှိသေးကြောင်း တွေ့ရှိသည်။

သဘာဝဘေးအ ရာယ် တစ်စုံတစ်ခု ဖြစ်ပေါ်ပါက လုံခြုံစွာ ရွှေ့ပြောင်းနေထိုင်နိုင်ရန် ရွာဦးဘုန်းကြီးကျောင်းကိုသာ တွေ့ရှိရသည်။

ဖြေဆိုသူ - ဒေါ်ခင်စင်ထွေး

ပါဝင်ဆွေးနွေးသူ - (ကျား) - 6 ဦး

(မ) - 7 ဦး

စည်ပင်သာကျေးရွာ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

| စဉ် | အဆင့်သတ်မှတ်ချက် | သွင်ပြင်လက္ခဏာ | အိမ်ထောင်စု |
|---|---|---|---|
| ၁။ | ချမ်းသာ | လယ်ဧက (၂၀) အထက်၊ တိုက်၊ ကား၊ ထွန်စက်၊ ဝင်ငွေလည်ပတ်မှုရှိ | ၂၀% |
| ၂။ | အလယ်လတ်တန်းစား | လယ်ဧက (၂၀) အောက်၊ သွပ်မိုး၊ ပျဉ်ထောင်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ထွန်စက်၊ ဝင်ငွေပုံမှန်ရှိ | ၃၀% |
| ၃။ | ဆင်းရဲ | လယ်၊ ခြံ၊ မြေပိုင်ဆိုင်မှုမရှိ၊ ဓနိအိမ်၊ တဲအိမ်၊ အိမ်ငှား၊ စက်ဘီး၊ မသန်မစွမ်း မှီခိုရာမဲ့၊ တစ်နေ့လုပ်တစ်နေ့စား | ၅၀% |

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်အုပ်စု၊ စည်ပင်သာကျေးရွာ ဆင်းရဲသောအုပ်စုများကို သုံးသပ်ခြင်းဖြင့် ကျေးရွာ၏အခြေအနေကို သုံးသပ်ခြင်း။

□ စည်ပင်သာကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်အညွှန်းလေယားကို သုံးသပ်ရာတွင် ကျေးရွာနေရွာသူ/ရွာသားများ၏ သတ်မှတ်ချက်အရ ချမ်းသာသောမိသားစုများတွင် လယ်ဧက (၂၀) အထက်၊ တိုက်၊ ကား၊ ထွန်စက်နှင့် ဝင်ငွေလည်ပတ်မှုရှိသူများကို ချမ်းသာသူများဟု ပျမ်းမျှသတ်မှတ်ပြီး အိမ်ထောင်စု (၂၀%) ရှိသည်ဟု သိရှိရသည်။ အလယ်အလတ်တန်းစားမိသားစုတွင် လယ်ဧက (၂၀) အောက်၊ သွပ်မိုး၊ ပျဉ်ထောင်၊ တွေးလားဂျီ၊ ဆိုင်ကယ်၊ ထွန်စက်နှင့် ဝင်ငွေပုံမှန်ရှိသူများကို အလယ်လတ်တန်းစားဟု ပျမ်းမျှသတ်မှတ်ပြီး အိမ်ထောင်စု (၃၀%) ရှိသည်ဟု သိရှိရသည်။ ဆင်းရဲသူများတွင် လယ်၊ ခြံ၊ မြေပိုင်ဆိုင်မှုမရှိ၊ ဝါးအိမ်၊ တဲအိမ်၊ အိမ်ငှါး၊ စက်ဘီး၊ မသန်မစွမ်းမှီခိုရာမဲ့၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများကို ဆင်းရဲသူများဟု ပျမ်းမျှသတ်မှတ်ပြီး အိမ်ထောင်စု (၅၀%) ရှိသည်ဟု သိရှိရသည်။ ဆင်းရဲသူများကို ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်အညွှန်းလေယားကို အသုံးပြုခြင်းဖြင့် သိရှိနိုင်ပြီး ချန်လှပ်ထားခြင်းမရှိစေရန်နှင့် အရေးအပေါ်အခြေအနေရုတ်တရက်ပေါ်ပေါက်လာပါက ဆင်းရဲသူများအား ဦးစားပေးသင့်ကြောင်း အသိပညာများကို ပေးနိုင်ခဲ့ပါသည်။

ပြုစုသူ - ဒေါ်ခင်ခင်ထွေး

ပါဝင်ဆွေးနွေးမှု - ကျား - 5 ဦး

မ - 7 ဦး



စည်ပင်သာကျေးရွာ ရာသီချိန်ခွင် ပြက္ခဒိန်
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
ဝင်ငွေရရှိမှု
စားနပ်ရိက္ခာ
ကျန်းမာရေး
ရွှေပြောင်းအလုပ်သွား
စိုက်ပျိုးရေး
ရာသီပွဲတော်
ပါဝင်ဆွေးနွေးသူ
ကျား - ၁၃ ဦး
မ - ၁၄ ဦး

ရန်ကုန်တိုင်းဒေသကြီး ၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်အုပ်စု၊ စည်ပင်သာကျေးရွာ ရာသီချိန်ပြပြက္ခဒိန်ရေးဆွဲခြင်းဖြင့် ကျေးရွာ၏ အခြေအနေများအား သုံးသပ်ခြင်း။

◘ ရာသီချိန်ပြပြက္ခဒိန် ရေးဆွဲရာတွင် (၁) ရာသီဥတု (၂) ဝင်ငွေရရှိမှု (၃) စားနပ်ရိက္ခာ (၄) ကျန်းမာရေး (၅) ရွှေ့ပြောင်းအလုပ်သွား (၆) စိုက်ပျိုးရေး (၇) ရာသီပွဲတော် စသည့်အခြေခံကျသည့် ကဏ္ဍအလိုက် တစ်နှစ်ပတ်လုံး ရရှိသောဝင်ငွေ၊ အလုပ်အကိုင်ရာသီများ၊ အလုပ်အကိုင်ရှားပါးသောရာသီများ၊ အစားအစာရှားပါးသောရာသီများ၊ ရောဂါများဖြစ်ပွားတတ်သော ရာသီများကို သိရှိနားလည်နိုင်စေရန် ဖြစ်သည်။ ထိုသို့ဆွေးနွေးပြီးလျှင် ကျေးရွာ၏ ရောဂါဖြစ်ပွားသောရာသီ၊ ဝင်ငွေနည်းပါးသောရာသီ၊ အလုပ်အကိုင်ရှားပါးသောရာသီများကို ကျေးရွာသူ/သားတို့အနေဖြင့် စီမံကိန်းကို မည်သည့်ကာလတွင် ဖော်ဆောင်ရမည်ကို သိရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ပြုစုသူ - ဒေါ်ခင်ခင်ထွား

ပါဝင်ဆွေးနွေးသူ - ကျား - 13 ဦး
မ - 14 ဦး


စည်ပင်သာကျေးရွာ ထိန်နှစ်ပင်အုပ်စု
အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ
ကျေးလက်
ဦးစီးဌာန
မီးကော်မတီ အဖွဲ့
လမ်းကော်မတီ အဖွဲ့
လူထုဗဟိုပြု စီမံကိန်း
ဂေါပက အဖွဲ့
အဖွဲ့
GAA
နာရေးကူညီမှု
ကျေးလူရေး အဖွဲ့
ချက်ရေးဖြတ်ရေး အဖွဲ့
ကာလသား အဖွဲ့
ဝေယျာဝစ္စ ကိုယ့်အားကိုယ်ကိုး
ကာလသမီး အဖွဲ့
ဘာဝနေမြည်
ပါဝင်ဆွေးနွေးသူ - ကျား - ၁၀ ဦး
မ - ၁၅ ဦး

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ ထိန်နှစ်ပင်အုပ်စု၊ စည်ပင်သာကျေးရွာ

အဖွဲ့အစည်း ချိတ်ဆက်မှုပြ ~~မ~~ ပုံစံအပေါ် သုံးသပ်ခြင်း

ဂ စည်ပင်သာကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ပုံမှန်လည်ပတ်နေသော အစိုးရအဖွဲ့အစည်းများ၊ ကျေးရွာတွင်းကော်မတီများ၊ အခြားသောအဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများ ရှာရှိသည်။

စည်ပင်သာကျေးရွာ၏ အဓိကလှုပ်ရှားလျက်ရှိသော အဖွဲ့အစည်းများမှာ

- ဂေါပကအဖွဲ့
- အုပ်ချုပ်ရေးအဖွဲ့
- မီးကော်မတီအဖွဲ့
- လမ်းကော်မတီအဖွဲ့
- ကာလသားအဖွဲ့
- ဥက်ရေးမြတ်ရေး ကျွဲမွေးရေး အဖွဲ့
- လူထုဗဟိုပြု စီမံကိန်းအဖွဲ့
- GAA
- ဘဝနေခြည်
- ကိုယ့်အားကိုယ်ကိုး
- နာရေးကူညီမှု
- ဝေယျာဝစ္စ

ဖြေဆိုသူ
ဒေါ်ခင်ဧထား


ပါဝင်ဆွေးနွေးသူ
ကျား - 10 ဦး
မ - 15 ဦး

စသည်တို့မှာ ကျေးရွာလူထု အဓိကအားကိုး၍ အလုပ်တကူ လက်လှမ်းမီနိုင်သော အဖွဲ့အစည်းများဖြစ်သည်။

အခြားအကျိုးပြုသော အဖွဲ့အစည်းများ ရှိသော်လည်း ကျေးရွာလူထုမှ လက်လှမ်းမီရန် လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရှိရသည်။ ကျေးရွာလူထုအတွက် တိုက်ရိုက်ရည်ရွယ်၍ ဖွဲ့စည်းထားကြသော်လည်း အသက်မဝင်သော အဖွဲ့များကိုလည်း တွေ့ရသည်။

စည်ပင်သာ ကျေးရွာ ပင့်ကူအိမ်သုံးသပ်ချက်

| စဉ် | အကြောင်းအရာ | ကျား | မ | အကြောင်းပြချက် |
|---|---|---|---|---|
| ၁။ | အလုပ်အကိုင်အခွင့်အလမ်း | 7 | 8 | အလုပ်ရုံ၊ စက်ရုံများ ပေါ်များလာသောအခါ မိန်းကလေးများ အလုပ်အကိုင်ရရှိသောကြောင့် ယောကျ်ားလေးများထက် အခွင့်အလမ်းပို |
| ၂။ | ပူးပေါင်းပါဝင်မှု | 8 | 5 | အမျိုးသားများသည် အမျိုးသမီးများထက် လုပ်ရည်ကိုင်ရည်ပိုမိုကောင်းမွန်သောကြောင့် ပူးပေါင်းပါဝင်မှုတွင် အားကောင်းနိုင် |
| ၃။ | ခေါင်းဆောင်မှု | 10 | 8 | အမျိုးသားများသည် ဆုံးဖြတ်ချက်များ၊ သုံးသပ်ချက်များကို ပိုမိုတိကျစွာ ဆောင်ရွက်နိုင်သောကြောင့် ပို၍ ဦးဆောင်နိုင် |
| ၄။ | ဝင်ငွေရရှိမှု | 8 | 7 | အမျိုးသားများ၏ လုပ်အားသည် အမျိုးသမီးများထက် ပို၍ရရှိသောကြောင့် |
| ၅။ | အိမ်မှုကိစ္စ | 2 | 10 | အမျိုးသမီးများသည် များသောအားဖြင့် အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရသောကြောင့် အိမ်မှုကိစ္စတွင် ပိုမိုများပြားနိုင် |
| ၆။ | ပညာတတ်မြောက်မှု | 5 | 5 | ယခုအခါတွင် ပညာရေးကို ဦးစားပေးလာသောကြောင့် အမျိုးသား၊ အမျိုးသမီးများ ပညာကို တန်းတူသင်ကြားနိုင် |
| ၇။ | လုံခြုံမှု | 8 | 4 | အစဉ်အလာအတိုင်း အမျိုးသမီးများသည် လုံခြုံမှုတွင် အမျိုးသားများထက် အားနည်း၊ အမျိုးသားများသည်လည်း ညအခါ မီးမပါဘဲသွားလာပါက မြွေပါး၊ ကင်းပါး အန္တရာယ်ရှိနိုင်၊ |
| ၈။ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှု | 8 | 7 | အိမ်ထောင်တစ်ခုတွင်တော့ ပိုင်ဆိုင်မှုမှာ တန်းတူဖြစ်နိုင် |


စည်ပင်သာကျေးရွာ ပင့်ကူအိမ်သုံးသပ်ချက်
အမျိုးသား၊အမျိုးသမီး
ခေါင်းဆောင်မှု
ပါဝင်ဆွေးနွေးသူ
ကျား – ၁၀ဦး
မ – ၁၀ဦး
အမျိုးသား — အပြာ

စည်ပင်သာကျေးရွာ - ပင့်ကူအိမ် အချိတ်အဆက်ပြ မြေပုံ သုံးသပ်ခြင်း

- အမျိုးသားများ အခြေအနေ သုံးသပ်ခြင်း

စည်ပင်သာကျေးရွာ၏ အမျိုးသားများသည် ပင့်ကူအိမ်မြေပုံအရ အမျိုးသမီးများထက်အချို့နေရာများတွင် ရမှတ်များ သာလွန်နေသည်ကို တွေ့ရသည်။ ထူးခြားသော အချက်များမှာ-

- ဖူးပေါင်းပါဝင်မှု
- ခေါင်းဆောင်မှု
- ဝင်ငွေရရှိမှု
- ယုံကြည်မှု

စသည့် အချက်များတွင် ပိုသာနေသည်။ ထိုအချက်များကို ကြည့်ခြင်းအားဖြင့် စည်ပင်သာကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမျိုးသားများက ပိုမိုလက်လွှမ်းမိုးကာ ဦးဆောင်နေသည်ကို တွေ့ရသည်။

ထို့အတူ အမျိုးသမီးထက် နိမ့်ကျသော အချက်များကိုလည်း တွေ့ရသည်။ ထိုအချက်များမှာ-

- အလုပ်အကိုင် အခွင့်အလမ်း
- အိမ်မှုကိစ္စ

အထက်ပါအချက်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် ရမှတ်များ နည်းနေသည်။ အမျိုးသားအများစုမှာ အမျိုးသမီးများထက် ကျေးရွာဖွံ့ဖြိုးရေး ပြုလုပ်ရန် အခွင့်အလမ်းများ ပစ္စည်းဥစ္စာများ ရှာဖွေနေရခြင်းကြောင့် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ပေ။ မိသားစုဝင် အသက်မွေးဝမ်းကျောင်း အတွက်ရုန်းကန်နေရသောကြောင့် ဖူးပေါင်းပါဝင်မှုတွင် အနည်းငယ်အားနည်းနေသည်ကို တွေ့ရှိရသည်။ သို့သော် မိရိုးဖလာ ထုံးတမ်းစဉ်လာအရ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသားများ သာဦးဆောင်နေကြသည်။

စည်ပင်သာကျေးရွာ၏ ကျား/မ တန်းတူ ဟူသော စနစ်ကိုသိသာပေါ်လွင်စေသော အချက်မှာ ပညာတတ်မြောက်မှု အခြေအနေသာဖြစ်သည်။

- အမျိုးသမီးများအား သုံးသပ်ခြင်း

အထက်တွင် ဖော်ပြထားသော သုံးသပ်ချက်များကို ကြည့်ခြင်းဖြင့် စည်ပင်သာ ကျေးရွာ၏ အမျိုးသမီးများသည် ယခုအခါ စက်ရုံ၊ အလုပ်ရုံများ ပေါ်များလာသော ကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများထက် အားကောင်းနေသည် ဖြေဆိုတမ်းအရ အမျိုးသမီးများသည် အိမ်မှုကိစ္စကို တာဝန်ယူပြီး လုပ်ရသော ကြောင့် ထိုအချက်သည်လည်း အမျိုးသားများထက် သာလွန်နေသည်။ ထိုအိမ်ထောင် မှုလုပ်ငန်းကို လုပ်ကိုင်နေရသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းတို့တွင် အနည်းငယ် အားနည်းနေရသည်ကို တွေ့ရှိရသည်။

- အနှစ်ချုပ်

အချုပ်အားဖြင့် ပင့်ကူအိမ်မြေပုံ အမျိုးသား၊ အမျိုးသမီးတို့၏ အခြေ အနေကို သိရှိရသည်။ အမျိုးသမီးများ၏ အားနည်းနေသော အချက်များကို ပိုမို ကောင်းမွန်လာစေရန် ကျား/မ တန်းတူစနစ် ပိုမို တွင်ကျယ်စေရန် 2016 ခုနှစ် လုပ်ငန်းခွဲ ရွေးချယ်ရာတွင် အမျိုးသမီး အများစု ရွေးချယ်ခဲ့သော (ကျွန်ကရစ်) ခင်းခြင်းကို အဓိကထား၍ ဦးစားပေး ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် အမျိုးသမီးများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြမည်။ ထို့အတူ အခြား အားနည်းသော အချက်များကိုလည်း ပိုမို အားကောင်းလာပေမည်။ အသိဉာဏ်၊ ဗဟုသုတများလည်း တိုးပွားလာပေမည်။

ပြုစုသူ - ဒေါ်ခင်ခင်ထား

ပါဝင်ဆွေးနွေးသူ - (ကျား) - 10 ဦး

(မ) - 10 ဦး

# စည်ပင်သာကျေးရွာ သမိုင်းကြောင်း

| ခုနှစ် | အဖြစ်အပျက် | သက်ရောက်မှု | ပံ့ပိုးသူ |
|---|---|---|---|
| ၁၁၂၇ | ရွာစတင်တည်ခဲ့ | အိမ်ခြေ ၅/၆ သာရှိ | ကိုယ်ထူကိုယ်ထ |
| ၁၃၀၀ | ရွာလူကြီး လက်ထက် | အိမ်ခြေ (၆၀) ကျော်ရှိလာ | |
| ၁၃၃၆ | ရေကြီး မှုဖြစ်ပွား | လယ်၊ ကျွဲ ၊ နွားများဆုံးရှုံးခဲ့ရ | |
| ၁၃၃၉ | နာဂစ်တိုက် | အဆောက်အဦးအချို့၊ အိမ်များပြိုပျက်ခဲ့ | |
| ၁၃၄၀ | ဆိုးပုံ ရွာအမည်ကို စည်ပင်သာဟု ပြောင်းလဲခေါ်တွင် | | |
| ၁၃၅၀ | အရေးအခင်း ဖြစ်ပွား | အုပ်ချုပ်ရေး ကင်းမဲ့ | |
| ၁၃၅၅ | ရွာတွင် မူလတန်းကျောင်း စတင်တည်ဆောက် | သစ်သားဆောင် | |
| ၁၃၇၀ | နာဂစ်လေမုန်တိုင်း တိုက်ခတ် | လူနေအိမ်များပြိုပျက်၊ လယ်ယာများပျက် | |
| ၁၃၇၅ | လျှပ်စစ်မီး စတင်ရရှိခဲ့ | မီးလင်း အိမ်ခြေပေါင်း <၂၅၃> | ဦးကြည် (အမျိုးရှင် |
| | | ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ | (ထရမ်စဖော်မာ) |
| | | တိုးတက်ခဲ့ | ကျန်သည့်ပစ္စည်း ကိုယ်ထူကိုယ်ထ |
| ၁၃၇၆ | ရွာလမ်းတွင် ကွန်ကရစ်ခင်း | သွားလာရေး လွယ်ကူချောမွေ့ | ကိုယ်ထူကိုယ်ထ |
| ၁၃၇၇ | ရွာရှိ အတွင်းလမ်းတွင်ကွန်ကရစ်ခင်း | သွားလာရေး လွယ်ကူချောမွေ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့ရ | လူထုဗဟိုပြု စီမံကိန်း မှလှူဒါန်း |

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်အုပ်စု၊ စည်ပင်သာကျေးရွာ